# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၆/ ၂၀၂၃)　　　　　　　　　　　　၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၂၈) ရက်

| ၂၈ - ၁၂ - ၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၃၃၅.၄ |
| စင်္ကာပူဒေါ်လာ | ၁,၅၉၅.၀ |
| စတာလင်ပေါင် | ၂,၆၈၉.၆ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၉၀.၈ |
| တရုတ်ယွမ် | ၂၉၅.၃၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၇၈ |
| အိန္ဒိယရူပီး | ၂၅.၂၃၃ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၃.၁၅ |
| မလေးရှား ရင်းဂစ် | ၄၅၅.၆၃ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၇၉၄ |
| ထိုင်းဘတ် | ၆၁.၄၈၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၆၅၄၄ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- ရုရှားသည် ၂၀၂၄ ခုနှစ်တွင် ဓာတ်မြေဩဇာထုတ်လုပ်မှုနှင့် တင်ပို့မှုကို မြှင့်တင်မည်
- ၂၀၂၅ ခုနှစ်၊ မတ်လအထိ ပဲစင်းငုံနှင့် မတ်ပဲ တင်သွင်းမှုအပေါ် ကန့်သတ်ချက် ရှိမည်မဟုတ်ကြောင်း အိန္ဒိယအစိုးရက ထုတ်ပြန်ကြေညာ
- ပင်လယ်နီပြဿနာများကြောင့် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုအပေါ် သက်ရောက်မှုများရှိကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Piyush Goyal ပြောကြား
- အိန္ဒိယနိုင်ငံသည် ပဲနီလေး အကောက်ခွန်လွတ်တင်သွင်းမှုကို ၂၀၂၅ ခုနှစ် မတ် လအထိ ထပ်မံသက်တမ်းတိုးမြှင့်သတ်မှတ်
- ပဲစဉ်းငုံနှင့် မတ်ပဲကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် အရေအတွက်ကန့်သတ်ချက်မရှိ
- တရုတ်နိုင်ငံသည် ဥရုဂွေးနိုင်ငံမှ အမဲသားတင်သွင်းမှုကို ခွင့်ပြုခဲ့

- **အထွေထွေသတင်းများ**

- တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် သွင်းကုန်၊ ပို့ကုန်များအပေါ် စည်းကြပ်ခွန်များ ချိန်ညှိမည်
- တရုတ်နိုင်ငံသည် အာဖရိကရှိ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (၆)နိုင်ငံအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ကို စတင်လိုက်ကြောင်း

# ရုရှားသည် ၂၀၂၄ ခုနှစ်တွင် ဓာတ်မြေသြဇာထုတ်လုပ်မှုနှင့် တင်ပို့မှုကို မြှင့်တင်မည်

၂၀၂၃ ခုနှစ် ရလဒ်များကိုအခြေခံ၍ ရုရှားနိုင်ငံသည် ဓာတ်မြေသြဇာ ထုတ်လုပ်မှုနှင့် တင်ပို့မှုကို ၂၀၂၄ ခုနှစ်တွင် တိုးမြှင့်ထုတ်လုပ်နိုင်ကြောင်း၊ ထုတ်လုပ်မှုတန်ချိန်အနေဖြင့် ၆၄ သန်းကျော် ရှိလာနိုင်ပြီး ယခင်နှစ်ထက် ၁၀ ရာခိုင်နှုန်း တိုးမြှင့်လာနိုင်ကြောင်း ရုရှား ဓာတ်မြေသြဇာထုတ်လုပ်သူများအသင်း(RAFP) ဥက္ကဋ္ဌ Mr. Andrey Guryev မှ ပြောကြား ခဲ့သည်။

အဆိုပါအသင်း၏ ခန့်မှန်းချက်အရ ဓာတ်မြေသြဇာထုတ်လုပ်မှုနှုန်းသည် ၂၀၂၃ ခုနှစ်ထက် ၁၀ ရာခိုင်နှုန်းအထိ တိုးလာနိုင်ပြီး မက်ထရစ်တန်ချိန် ၆၄ သန်းကျော်အထိ ရှိလာမည်ဖြစ်၍ ပြည်ပသို့ တင်ပို့မှုလည်း တိုးလာမည်ဖြစ်ကြောင်း သိရှိရပါသည်။ အချက်အလက်များအရ ၂၀၂၃ ခုနှစ် ၁၁ လတာအတွင်း ရုရှားနိုင်ငံ၏ ဓာတ်သတ္တုမြေသြဇာ ထုတ်လုပ်မှုသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တန်ချိန် ၅၃ သန်းကျော်ရှိကြောင်း သိရှိရပါသည်။

ရုရှားဓာတ်မြေသြဇာထုတ်လုပ်သူများသည် ပိတ်ဆို့အရေးယူမှုကြားမှ ရင်းနှီးသော မိတ်ဆွေနိုင်ငံများ၏ ဈေးကွက်သို့ ဓာတ်မြေသြဇာ ပိုမိုတိုးမြှင့်တင်ပို့ခဲ့ကာ ပြီးခဲ့သည့်နှစ်တွင် အဆိုပါနိုင်ငံများသို့ ဓာတ်မြေသြဇာတင်ပို့မှုသည် ၇၀ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။ ထို့အပြင် ယခုနှစ်ကုန်တွင် ပို့ကုန်ပမာဏ တိုးတက်မှုနှုန်း သည် ၂၀၂၁ ခုနှစ်က အဆင့်သို့ ပြန်လည်ရောက်ရှိရန် မျှော်လင့်ထားကြောင်း အသင်းဥက္ကဋ္ဌမှ ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ဖော်ရွေမှုမရှိသော နိုင်ငံများသို့ ရုရှားဓာတ်မြေသြဇာ တင်ပို့မှုပမာဏသည် တန်ချိန် ၁၀ သန်းအထိ ကျဆင်းသွားခဲ့ပြီး ၂၅-၃၀ ရာခိုင်နှုန်းခန့် ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ၁၅-၂၀ ရာခိုင်နှုန်းအထိ ထပ်မံကျဆင်းသွားနိုင်ကြောင်း၊ လက်ရှိ တင်ပို့မှုအများစုသည် ကမ္ဘာ့တောင်ဘက်နိုင်ငံများသို့ ဦးစားပေး ပေးပို့လျက်ရှိပြီး အိန္ဒိယနှင့် ဘရာဇီးတို့သည် ထိပ်တန်းရောင်းချရာ ဈေးကွက်များဖြစ်ကြောင်း သိရှိရပါသည်။

ရုရှားအစိုးရသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်အထိ နိုက်ထရိုဂျင်ဓာတ်မြေသြဇာများ(ယူရီးယား၊ ယူရီးယား-အမိုနီယမ် အရောအနှော၊ အမိုနီယမ်နိုက်ထရိတ်) တန်ချိန် ၉.၈၁ သန်း အပါအဝင် စုစုပေါင်း ဓာတ်မြေသြဇာပို့ကုန်ခွဲတမ်း ပမာဏကို တန်ချိန် ၁၆.၈၅ သန်း သတ်မှတ်ထားပါသည်။

ရုရှားအစိုးရသည် ပြည်တွင်းဈေးကွက်ကို ကာကွယ်ရန်အတွက် ကုန်စည်အချို့အပေါ် လိုက်လျောညီထွေရှိသော ပို့ကုန်ခွန်များကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ သတ်မှတ်ကျင့်သုံးခဲ့ပြီး ၎င်းကုန်စည်များအနက် ဓာတ်မြေသြဇာလည်း အပါအဝင်ဖြစ်ကာ ဒေါ်လာငွေ

Agribusiness & Trade

လဲလှယ်နှုန်းအပေါ် မူတည်၍ ဓာတ်မြေဩဇာပို့ကုန်ခွန်များ တိုးမြင့်မည်ဖြစ်သဖြင့် ရုရှားနိုင်ငံမှ နိုင်ငံတကာသို့ တင်ပို့သော ဓာတ်မြေဩဇာများ၏ ဈေးနှုန်းများသည် မြင့်တက်လာနိုင်ကြောင်း သုံးသပ်ရပါသည်။

Source : https://ria.ru/20231227/eksport-1918511808.html

https://www.interfax.ru/business/932977

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

.......................................................................................................................

## ၂၀၂၅ ခုနှစ်၊ မတ်လအထိ ပဲစင်းငုံ နှင့် မတ်ပဲ တင်သွင်းမှုအပေါ် ကန့်သတ်ချက်ရှိမည်မဟုတ်ကြောင်း အိန္ဒိယအစိုးရ က ထုတ်ပြန်ကြေညာ

ပြည်တွင်းရောင်းလိုအား မြင့်တင်ရန်နှင့် ဈေးနှုန်းတည်ငြိမ်စေရန်အတွက် အိန္ဒိယအစိုးရ၊ နိုင်ငံခြားကုန်သွယ်မှု အထွေထွေညွှန်ကြားမှုဦးစီးဌာန (DGFT) က မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာ တင်သွင်းခွင့်မူဝါဒကို ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးလိုက်သည်" ဟု ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

လက်ရှိတွင် အဆိုပါ ပဲမျိုးစုံအတွက် လွတ်လပ်စွာ တင်သွင်းခွင့်မူဝါဒမှာ ၂၀၂၄ ခုနှစ် မတ်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ယခုထုတ်ပြန်ချက်ကြောင့် ပဲစင်းငုံနှင့် မတ်ပဲတင်သွင်းမှုကို လွတ်လပ်စွာတင်သွင်းခွင့်ပြုသည့် ကုန်စည်အုပ်စုအနေဖြင့် ဆက်လက်ခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲများအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ပါကြောင်း သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

Source : Notification No. 54/2023, Directorate General of Foreign Trade, Department of Commerce

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

.......................................................................................

## ပင်လယ်နီပြဿနာများကြောင့် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုအပေါ် သက်ရောက်မှုများရှိကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Piyush Goyal ပြောကြား

ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Piyush Goyal က ပင်လယ်နီဒေသ ပြဿနာများကြောင့် ဆန်တင်ပို့မှုအပေါ် သက်ရောက်မှုရှိကြောင်း ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။ ယီမင်အခြေစိုက် ဟူသီစစ်သွေးကြွများ၏ မကြာသေးမီက တိုက်ခိုက်မှုများကြောင့် ပင်လယ်နီနှင့် မြေထဲပင်လယ်ကိုဆက်သွယ်ထားသည့် အရေးကြီးသော ရေကြောင်းလမ်းကြောင်းဖြစ်သည့် Bab-el-Mandeb ရေလက်ကြားဝန်းကျင် အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။

အိန္ဒိယပို့ကုန်များအပေါ် ပင်လယ်နီပြဿနာ၏ သက်ရောက်မှုနှင့် ပတ်သက်၍ ဝန်ကြီးက ယခုအချိန်ထိ လတ်တလော ထိခိုက်မှုမတွေ့ရှိရသေးကြောင်း၊ ထိခိုက်နစ်နာသည့် လုပ်ငန်းတစ်ခုမှာ ဆန်တင်ပို့မှုဟု ပြောနိုင်သော်လည်း ယခုဒီဇင်ဘာလအတွက် ပို့ကုန်ဆိုင်ရာ အချက်အလက် ကိန်းဂဏန်းများကို သိရှိပြီးမှသာ အသေးစိတ်ပြောကြားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ကွန်တိန်နာ သွားလာမှု၏ ၃၀ ရာခိုင်နှုန်းအတွက် အရေးပါသော ယင်းရေလက်ကြားသည် ဒေသတွင်းနှင့် ကမ္ဘာ့အင်အားကြီးများ၏ တိုက်ခိုက်မှုများနှင့် စစ်ရေးလေ့ကျင့်မှုများ အပါအဝင် ၂၀၂၃ ခုနှစ်တွင် ဖြစ်ရပ်အမျိုးမျိုးနှင့် တင်းမာမှုများ တိုးလာခဲ့သည်။

အာရပ်ဘာသာဖြင့် "မျက်ရည်တံခါး" ဟုလည်းလူသိများသော Bab-el-Mandeb ရေလက်ကြားသည် ပင်လယ်နီနှင့် စူးအက်တူးမြောင်းမှတဆင့် မြေထဲပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်သွယ်ပေးသည့် အရေးကြီးသော ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည်။ ၎င်းသည် အာဖရိကကို အာရေဗျကျွန်းဆွယ်နှင့် ပိုင်းခြားထားသည်။

ပင်လယ်နီတွင် ပဋိပက္ခများ ပြင်းထန်လာပါက အီဂျစ်နှင့် ဥရောပနိုင်ငံများသို့ အိန္ဒိယ၏ ဘာစမာတီဆန်များ တင်ပို့မှု ထိခိုက်နိုင်သည်ဟု ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားထားသည်။ သို့ဖြစ်ပါ၍ လက်ရှိ ပင်လယ်နီဒေသပဋိပက္ခများကြောင့် ယင်းဒေသရှိ ကုန်သွယ်မှုလမ်းကြောင်းများ အပေါ်တွင် သက်ရောက်မှုများ ရှိလာနိုင်မှုအား သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

Source : Rice exports impacted by problems in Red Sea: Commerce Minister Piyush Goyal, The Economic Times

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

.........................................................................................................................

Agribusiness & Trade

## အိန္ဒိယနိုင်ငံသည် ပဲနီလေး အကောက်ခွန်လွတ်တင်သွင်းမှုကို ၂၀၂၅ ခုနှစ် မတ်လအထိ ထပ်မံသက်တမ်းတိုးမြှင့်သတ်မှတ်

အိန္ဒိယနိုင်ငံသည် ပဲနီလေး အကောက်ခွန်လွတ်တင်သွင်းမှုကို ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ တစ်နှစ်ထပ်မံ၍ သက်တမ်းတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအရသိရသည်။

ယင်းသို့ အစိုးရမှ သွင်းကုန်ခွန်ကင်းလွတ်ခွင့်ဖြင့် ပဲနီလေးတင်သွင်းခွင့်ပြုသည့်အတွက် ငွေဖေါင်းပွမှုကို မြင့်တက်မှုမရှိစေရန် အထောက်အကူပြုနိုင်သည်ဟုဆိုသည်။ ပုံမှန်အချိန်တွင် ၎င်းအပေါ် သွင်းကုန်ခွန် ၃၀ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံကြောင်းသိရသည်။ "ယခုလို အစိုးရက တစ်နှစ်သက်တမ်းတိုးမြှင့်လိုက်သည့်အတွက် သွင်းကုန်သမားများအကျိုးအမြတ်ရရှိကာ ပဲနီလေးရောင်းလိုအားကို မြင့်တက်စေမှာပါ။" ဟု အိန္ဒိယပဲမျိုးစုံနှင့် သီးနှံအသင်း ဥက္ကဌ Bimal Kothari က ပြောကြားခဲ့သည်။

မကြာသေးမီလများအတွင်းက အိန္ဒိယစားသုံးသူများသည် ပဲစဉ်းငုံ (ခွဲခြမ်း) စားသုံးရာမှ ပဲနီလေး (ခွဲခြမ်း) သို့ ပြောင်းလဲစားသုံးလာမှုကြောင့် လက်ရှိဘဏ္ဍာနှစ်အတွင်း ပဲနီလေး တင်သွင်းမှု သိသိသာသာတိုးမြှင့်လာကြောင်း သိရသည်။ ယခုနှစ်တွင် မုတ်သုံမိုးမမှန်ခြင်းကြောင့် ပဲစဉ်းငုံ အပါအဝင် ပဲမျိုးစုံစိုက်ပျိုး ထွက်ရှိမှုအပေါ်ထိခိုက်ခဲ့ပြီး၊ ဈေးနှုန်းများကြီးမြင့်လာမှုကြောင့် စားသောက်ကုန်ဈေးဖေါင်းပွမှုကို ဖြစ်ပေါ်စေခဲ့သည်။ အိန္ဒိယစားသုံးသူများအနေဖြင့် ဈေးနှုန်းကြီးမြင့်သော ပဲစဉ်းငုံအစား အခြားပဲမျိုးစုံကို ပြောင်းလဲ၍ စားသုံးခဲ့သည့်အတွက် ၎င်း၏ ဝယ်လိုအား ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းဖွယ်ရှိကြောင်း ခန့်မှန်းချက်များအရ သိရသည်။

ယခုနှစ် နိုဝင်ဘာလအတွင်း ခန့်မှန်းတင်သွင်းမှုများအပါအဝင် ဧပြီလမှ နိုဝင်ဘာအထိ ပဲနီလေး တင်သွင်းမှု တန်ချိန် ၁၁ ဒသမ ၄၈ သိန်းရှိကြောင်းနှင့် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က တန်ချိန် ၈ ဒသမ ၅၈ သန်းနှင့်နှိုင်းယှဉ်လျှင် များစွာမြင့်တက်ခဲ့ကြောင်း iGrain India က ဖော်ပြထားသည်။ "ကုန်သည် အသိုင်းအဝိုင်းက ယခုလိုမျိုးအစိုးရ၏ အကောက်ခွန်ကင်းလွတ်ခွင့်ကို မျှော်လင့်လျက်ရှိကြပါတယ်။"ဟု Igrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပဲနီလေးကို ကနေဒါနှင့် ဩစတေးလျနိုင်ငံကဲ့သို့ ပဲနီလေးအများဆုံး ထုတ်လုပ်သည့်နိုင်ငံများမှ အဓိကတင်သွင်းလျက်ရှိသည်။ အစိုးရက အမေရိကန်ပြည်ထောင်စုမှ ပဲနီလေး တင်သွင်းမှုအပေါ် စည်းကြပ်ကောက်ခံခဲ့သည့် တန်ပြန်ခွန်အား မကြာသေးမီက ဖယ်ရှားရုတ်သိမ်းခဲ့သည်။

ရာဘီ (ဆောင်း) သီးနှံစိုက်ရာသီရှိ ပဲနီလေး စိုက်ပျိုးမှုဧရိယာမှာ ပထမဦးဆုံးအကြိမ်အဖြစ် တိုးတက်မှုလက္ခဏာများရှိခဲ့သည်။ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနမှ နောက်ဆုံးရရှိသော အချက်အလက်များအရ ယခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့အထိ ပဲနီလေးစိုက်ပျိုးဧရိယာသည် ယခင်နှစ်ကာလတူက ဟက်တာ ၁၇ ဒသမ ၇၇ သိန်းရှိရာမှ ၁၇ ဒသမ ၉၇ သိန်းသို့ မြင့်တက်ခဲ့ကြောင်း သိရသည်။ သို့သော် ရာဘီပဲမျိုးစုံစိုက် ဧရိယာစုစုပေါင်းမှာမူ ယခင်နှစ်က ဟက်တာ ၁၄၈ ဒသမ ၅၃ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၁၃၇ ဒသမ ၁၃ သိန်းသို့ ကျဆင်းခဲ့ကြောင်း သိရသည်။ အဆိုပါ ပဲမျိုးစုံအနက် ကုလားစိုက်ဧရိယာ သိသိသာသာကျဆင်းခဲ့သည်ဟု ဆိုသည်။

သို့သော် Madhya Pradesh နှင့် Uttar Pradesh ပြည်နယ်ကဲ့သို့ ပဲမျိုးစုံ အဓိကစိုက်ပျိုးရာဒေသများတွင် ရာသီဥတုကောင်းမွန်မှုကြောင့် ပဲနီလေးထွက်ရှိမှုမြင့်မားဖွယ်ရှိပြီး အထွက်နှုန်း ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိမြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က ပဲနီလေးထုတ်လုပ်မှု တန်ချိန် ၁၅ ဒသမ ၈ သိန်းရှိပြီး၊ ယခင်ဘဏ္ဍာနှစ်က ၁၂ ဒသမ ၆၉ သိန်းသာရှိခဲ့သည့်အတွက် မြင့်တက်လာခဲ့ကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သော်လည်း ရောင်းလိုအားနှင့် ဝယ်လိုအား မမျှတသည့်အတွက် ပြည်ပဈေးကွက်များကို အမှီပြု၍ ပြည်တွင်းပဲဈေးကွက်တည် ငြိမ်အောင်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ပြည်တွင်း၌ ပဲစဉ်းငုံစိုက်ပျိုးထွက်ရှိမှုကျဆင်းပြီး ဈေးနှုန်းများကြီးမြင့်လျက်ရှိသည့်အတွက် ပဲနီလေးသို့ ပြောင်းလဲ၍ ပိုမိုစားသုံးလာသည့် စားသုံးသူအလေ့အထပြောင်းလဲမှုကို တွေ့ရှိရပါသည်။ ထို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့် ပြည်ပမှပဲနီလေးတင်သွင်းမှုအပေါ် အကောက်ခွန်ကင်းလွတ်ခွင့်အား ၂၀၂၅ ဘဏ္ဍာနှစ်ကုန်အထိ သက်တမ်းထပ်မံတိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ပဲစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအနေဖြင့် အိန္ဒိယနိုင်ငံ၏ အဆိုပါ ပဲစားသုံးမှုအလေ့အထပြောင်းလဲလာမှုအခြေအနေနှင့် အစိုးရ၏ကုန်သွယ်ရေးမူဝါဒအပြောင်းအလဲကို သိရှိပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် သုံးသပ်တင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်**။ Hindu Business Line သတင်းဌာန၊ "India extends lentils import at zero duty till March 2025"

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တားမြို့

……………………………………………………………………………

## ပဲစဉ်းငုံနှင့် မတ်ပဲကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် အရေအတွက်ကန့်သတ်ချက်မရှိ တင်သွင်းခွင့် ၂၀၂၅ ခုနှစ်၊ မတ်လအထိ အိန္ဒိယတိုးမြှင့်သတ်မှတ်

အိန္ဒိယအစိုးရသည် ပဲနီလေးကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုလိုက်ပြီးနောက် သိပ်မကြာမီ ပဲစဉ်းငုံနှင့် မတ်ပဲတို့ကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် အရေအတွက် ကန့်သတ်ချက်မရှိ တင်သွင်းခွင့်အား ၂၀၂၅ ခုနှစ်၊ မတ်လကုန်အထိ တစ်နှစ်သက်တမ်း ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရသည်။

ပဲစဉ်းငုံနှင့် မတ်ပဲတို့ကို လွတ်လပ်စွာတင်သွင်းခွင့်မူဝါဒအား ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တစ်နှစ်သက်တမ်း ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အိန္ဒိယနိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန (DGFT) က ယခုလ ၂၈ ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည့် အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၂၃ တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် အဆိုပါ ပဲစဉ်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်း (ခွဲခြမ်း) တို့ကို ၂၀၂၁ ခုနှစ် မေလ ၁၅ ရက်နေ့မှစတင်၍ လွတ်လပ်စွာတင်သွင်းနိုင်သည့် သွင်းကုန်အမယ်များ (‘free category’) အောက်သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ကာ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ သက်တမ်း သတ်မှတ်ခဲ့သည်။ ထို့နောက် အဆိုပါပဲအမျိုးအစားများကို အဓိကထုတ်လုပ်သော ပြည်နယ်များ၌ မိုးရွာသွန်းမှုနည်းပါးကာ ပြည်တွင်းထုတ်လုပ်မှု လျော့နည်းကျဆင်းခဲ့သည့်အတွက် ၎င်းအား သက်တမ်းထပ်မံ၍ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ယခုလ ၂၁ ရက်နေ့ကလည်း ပဲနီလေးအား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့်တင်သွင်းအား ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ၁ နှစ် သက်တမ်း ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့သေးသည်။

ပဲစဉ်းငုံထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်၊ ခါရစ် (မိုးရာသီ)က တန်ချိန် ၃၃ ဒသမ ၁၂ သိန်းမှ ၂၀၂၃ ခုနှစ်၊ ခါရစ် (မိုးရာသီ) တွင် ၃၄ ဒသမ ၂ သိန်းသို့ တိုးမြှင့်လာဖွယ်ရှိကြောင်း အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။ မတ်ပဲထုတ်လုပ်မှုမှာ ယခင်နှစ်၊ ခါရစ် (မိုးရာသီ) က တန်ချိန် ၁၇ ဒသမ ၆၈ သိန်းရှိခဲ့ရာမှ ယခုနှစ်၊ ခါရစ် (မိုးရာသီ) တွင် ၁၅ ဒသမ ၀၅ သိန်းသာ ရှိသည့်အတွက် ထုတ်လုပ်မှုကျဆင်းမည်ဟု ၎င်းကခန့်မှန်းထားသည်။ အိန္ဒိယနိုင်ငံ၏ စုစုပေါင်း မတ်ပဲထုတ်လုပ်မှုတွင် ခါရစ် (မိုးရာသီ) ထုတ်လုပ်မှုက ၇၅ ရာခိုင်နှုန်းပါဝင်ပြီး၊ ရာဘီ (ဆောင်းရာသီ) ထုတ်လုပ်မှုက ၂၅ ရာခိုင်နှုန်းပါဝင်ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံ၏ ပဲစဉ်းငုံနှင့် မတ်ပဲတို့အား အရေအတွက် ကန့်သတ်ချက်မရှိပဲ အကောက်ခွန်လွတ်တင်သွင်းခွင့်အား တစ်နှစ်သက်တမ်း ထပ်မံတိုးမြှင့်လိုက်သည့်အပေါ် သိရှိပြီး၊ မြန်မာနိုင်ငံအနေဖြင့် အဆိုပါပဲအမျိုးအစားများ၏ ပြည်တွင်းဈေးနှုန်းများ အဆမတန်မြင့်တက်လာ

Agribusiness & Trade

ခြင်းမရှိစေရန်နှင့် အိန္ဒိယနိုင်ငံဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီညီ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်**။ Hindu Business Line သတင်းဌာန၊ "India extends duty-free import of tur, urad dal until March 2025"

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တားမြို့

## တရုတ်နိုင်ငံသည် ဥရုဂွေးနိုင်ငံမှ အမဲသားတင်သွင်းမှုကို ခွင့်ပြုခဲ့

တောင်အမေရိကနိုင်ငံနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းလာစေရန် ကြိုးပမ်းသည့်အနေဖြင့် တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC) သည် ဥရုဂွေးနိုင်ငံမှ အမဲသားထုတ်ကုန်များ တင်သွင်းရန်အတွက် ခွင့်ပြုချက်ကို (၂၆-၁၂-၂၀၂၃)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရပါသည်။

ဥရုဂွေးသမ္မတ Luis Alberto Lacalle Pou သည် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် တစ်လခန့်အကြာတွင် ယခုထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ယခုကြေညာချက်သည် တရုတ်နိုင်ငံ၏ အရည်အသွေးမြင့်သောအသားဝယ်လိုအားကို ဖြည့်ဆည်းပေးမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံကုန်သွယ်မှုကို ပိုမိုအမျိုးအစားစုံလင်စေမည်ဖြစ်ကြောင်း သိရှိရပါသည်။

အမဲသားတင်သွင်းမှုကို တရုတ်နိုင်ငံ၏ ဥပဒေနှင့် စည်းမျဉ်းများအပြင် စစ်ဆေးခြင်း၊ သီးသန့်ခွဲခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့်စပ်လျဉ်းသည့် GACC ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဥရုဂွေးနိုင်ငံ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါထုတ်ပြန်ချက်တွင် စားသုံးနိုင်သော အသားထွက်ကုန်များလည်း အကျုံးဝင်သည်ဟု GACC မှ ၎င်း၏ တရားဝင်ဝက်ဆိုဒ်တွင် ဖော်ပြထားကြောင်းနှင့် တင်သွင်းခွင့်ပြုသော ထုတ်ကုန်များထဲတွင် အေးခဲထားသော အမဲအသည်း၊ ကျောက်ကပ်နှင့် အူကလီစာများလည်း ပါဝင်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ဥရုဂွေး၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၎င်း၏အမဲသား၊ ပဲပုပ်နှင့် သိုးမွေးများကို အများဆုံးတင်သွင်းသူဖြစ်သည်။ ဥရုဂွေးသည် တရုတ်နိုင်ငံသို့ အမဲသားကို တတိယအများဆုံး တင်သွင်းသူဖြစ်ကြောင်း သိရှိရပါသည်။

ယခုထုတ်ပြန်ချက်သည် ဥရုဂွေးနိုင်ငံရှိ အသားလုပ်ငန်းစုအတွက် သတင်းကောင်းဖြစ်ပြီး ဥရုဂွေးနိုင်ငံသည် တရုတ်နိုင်ငံ၏ ပိုးမွှားကင်းရှင်းရေးဆိုင်ရာလိုအပ်ချက်များနှင့် ကိုက်ညီသဖြင့် အသားကဏ္ဍ၌ အစားအသောက် ဘေးကင်းရေးဆိုင်ရာ တင်းကြပ်သော စည်းမျဉ်းများရှိကြောင်းကို ပြသနိုင်ခဲ့ကြောင်းနှင့် လက်ရှိတွင် ဥရုဂွေးနိုင်ငံရှိ အရည်အချင်းပြည့်မီသော အသားစက်ရုံများသည် GACC တွင် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း National Meat Institute of Uruguay ၏ အာရှရုံးမှ မန်နေဂျာ Victoria Cai က Global Times သို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဥရုဂွေးသည် တရုတ်နိုင်ငံသို့ အေးခဲထားသည့် အမဲအူကြမ်းများကို တင်ပို့ခွင့်ပြုထားသည့် နိုင်ငံအနည်းငယ်ထဲမှ တစ်နိုင်ငံဖြစ်သောကြောင့် အေးခဲထားသော အမဲအူကြမ်းသည် ထင်ရှားသော ထုတ်ကုန်များထဲမှ တစ်ခုဖြစ်သည်ဟု သိရှိရပါသည်။

National Meat Institute of Uruguay ၏ စစ်တမ်းတစ်ခုအရ တရုတ်နိုင်ငံသို့ အမဲအူကြမ်း တင်ပို့မှုသည် ဥရုဂွေးအသားလုပ်ငန်းအတွက် အပိုဝင်ငွေ အမေရိကန်ဒေါ်လာသန်း (၄၀)ရရှိလာ နိုင်ပြီး လက်ရှိထက် (၃)ဆ ပိုမိုများပြားကြောင်း သိရှိရပါသည်။ ဥရုဂွေးနိုင်ငံ၏ အမဲသားနှင့် သိုးသား တင်ပို့မှု၏ (၆၀)ရာခိုင်နှုန်းနီးပါးသည် တရုတ်နိုင်ငံသို့ တင်ပို့နေခြင်းဖြစ်ကြောင်းနှင့် နှစ်စဉ် အမေရိ ကန်ဒေါ်လာ (၁.၆)ဘီလီယံကျော် ရရှိကြောင်း အဆိုပါအဖွဲ့အစည်း၏ အဆိုအရ သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ဥရုဂွေးသမ္မတ၏ တရုတ်နိုင်ငံသို့ (၅)ရက်ကြာ နိုင်ငံတော် ခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနက်ရှိုင်းလာခဲ့ပြီး အဆိုပါခရီးစဉ်သည် သံတမန် ဆက်ဆံ ရေးထူထောင်ခြင်း (၃၅)နှစ်မြောက် နှစ်ပတ်လည်နှင့် တိုက်ဆိုင်နေသည့်အပြင် ရပ်ဝန်းနှင့်ပိုးလမ်း မစီမံကိန်းတွင် ဥရုဂွေးနိုင်ငံမှ ပါဝင်သည့် ပဉ္စမမြောက်နှစ်ပတ်လည်နေ့လည်းဖြစ်ကြောင်း သိရှိရ ပါသည်။

ဥရုဂွေးနိုင်ငံသည် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ပြီးနောက် (၃၅)နှစ်တာ ကာလအတွင်း ပို့ကုန်အမျိုးအစားနှင့် ပမာဏသည် တစ်နှစ်ထက်တစ်နှစ် သိသာထင်ရှားစွာ တိုးတက် လာခဲ့သည်ဟု ဥရုဂွေးသမ္မတက ၎င်း၏ ခရီးစဉ်အတွင်း ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဥရုဂွေးသမ္မတ၏ တရုတ်နိုင်ငံ ခရီးစဉ်သည် နိုင်ငံရေးနှင့် စီးပွားရေးတွင် ရလဒ်ကောင်းများ ရရှိခဲ့ပြီး အမဲသားတင်ပို့မှုသည်လည်း အဆိုပါခရီးစဉ်၏ နောက်ဆက်တွဲခြေလှမ်းတစ်ရပ်ဖြစ် ကြောင်းနှင့် တရုတ်နှင့် ဥရုဂွေးနိုင်ငံတို့အကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုး တက်လာမည်ကို သတိပြုမိကြောင်း ပေကျင်းမြို့ရှိ China Institute of International Studies မှ

ဖွံ့ဖြိုးဆဲနိုင်ငံများဆိုင်ရာ ဒါရိုက်တာ Wang Youming က Global Times ကို ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ အမဲသားတင်ပို့သည့်ကုမ္ပဏီများသည် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားသည့်အတိုင်း ခွာနာလျှာနာရောဂါ ကင်းစင်သောဒေသများတွင် တည်ရှိရမည် ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

အမဲသားတင်ပို့မည့်ကုမ္ပဏီများသည် ဥရုဂွေးအာဏာပိုင်များ၏ ကြီးကြပ်မှုအောက်တွင် ရှိသင့် ပြီး နှစ်ဖက်စလုံး၏ တိရစ္ဆာန်ကျန်းမာရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

ဥရုဂွေးနိုင်ငံမှ တင်ပို့သူများသည် တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့တွင် မှတ်ပုံတင်ရမည်ဖြစ်ပြီး မှတ်ပုံတင်ထားခြင်းမရှိသည့် အမဲသားများကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့် မပြုကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

Source: https://www.globaltimes.cn/page/202312/1304348.shtml

https://www.shine.cn/news/nation/2312268223/

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

.................................................................................

## တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် သွင်းကုန်၊ ပို့ကုန်များအပေါ် စည်းကြပ်ခွန်များ ချိန်ညှိမည်

တရုတ်နိုင်ငံသည် သွင်းကုန်နှင့် ပို့ကုန်များအပေါ် ကောက်ခံသည့်အခွန်နှုန်းထားများကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ စတင်၍ ချိန်ညှိမည်ဖြစ်ကြောင်း နိုင်ငံတော်ကောင်စီ၏ အကောက်ခွန်ကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်ဟု သိရှိရပါသည်။

ကော်မရှင်က ထုတ်ပြန်သည့် ကြေညာချက်အရ တရုတ်နိုင်ငံသည် ကုန်စည် (၁၀၁၀)မျိုး အပေါ်တွင် Most-Favored Nation Rates(MFN) ထက်နည်းသော သွင်းကုန်ခွန်များကို ကောက်ခံမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပမာအားဖြင့် တရုတ်နိုင်ငံသည် နိုင်ငံအတွင်း၌ ရှားပါးသော ကုန်ကြမ်းများ၊ အဓိကကျသည့် စက်ကိရိယာများနှင့် အစိတ်အပိုင်းများ၊ ကင်ဆာရောဂါအချို့နှင့် ရှားပါးရောဂါများကို ကုသရန် အတွက် ဆေးဝါးများနှင့် ကုန်ကြမ်းများ၊ ကျန်းမာရေးအထောက်အကူပြု အစားအစာနှင့် စိုက်ပျိုး ရေးထွက်ကုန်အချို့ကို သွင်းကုန်ခွန်လျှော့ချမည် သို့မဟုတ် ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း

Agribusiness & Trade

သိရှိရပါသည်။ ထို့အပြင် တရုတ်နိုင်ငံသည် သန့်စင်ပြီးအလူမီနီယံအပေါ် ပို့ကုန်ခွန် လျှော့ချမည် ဖြစ်ကြောင်းလည်း သိရှိရပါသည်။

တစ်ချိန်တည်းတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်စဉ်က ကတိကဝတ်ဘောင်အတွင်းမှ ethylene၊ propylene နှင့် liquid crystal glass substrates အချို့အပေါ် သွင်းကုန်ခွန်များကို တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း သိရှိရပါသည်။

လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်နှင့် ဦးစားပေးကုန်သွယ်မှုအစီအစဉ်များအရ ဈေးကွက်ပိုမိုဖွင့်လှစ်နိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် တရုတ်နိုင်ငံသည် နိုင်ငံပေါင်း (၃၀)မှ အချို့သော ကုန်ပစ္စည်းများအပေါ် လာမည့်နှစ်တွင် သမရိုးကျအကောက်ခွန်နှုန်း(conventional tariff rates)ကို ကောက်ခံမည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံနှင့်သံတမန်ဆက်ဆံရေးထူထောင်ပြီး စာလွှာဖလှယ်မှုပြီးမြောက်သော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကို လာမည့်နှစ်တွင် အကောက်ခွန်သက်သာကင်းလွတ်ခွင့်များ ဆက်လက်ပေးအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Source:https://english.www.gov.cn/news/202312/21/content_WS65840318c6d0868f4e8e26 a1.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

..........................................................................................

## တရုတ်နိုင်ငံသည် အာဖရိကရှိ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (၆)နိုင်ငံအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ကို စတင်လိုက်ကြောင်း

တရုတ်နိုင်ငံမှ အာဖရိကရှိ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (၆)နိုင်ငံအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုခြင်းသည် ၂၅-၁၂-၂၀၂၃ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ကြောင်းနှင့် အဆိုပါ လုပ်ဆောင်ချက်သည် တရုတ်နှင့် အာဖရိကတို့အကြား ကုန်သွယ်မှုကို ပိုမိုအားကောင်းစေမည်ဟု ကျွမ်းကျင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက မှတ်ချက်ပြုထားကြောင်း ecns.cn သတင်း၌ ဖော်ပြထားပါသည်။

Angola၊ Gambia၊ Congo ၊ Madagascar၊ Mali နှင့် Mauritania တို့မှ ကုန်ပစ္စည်း (၉၈) % ကို ၂၅-၁၂-၂၀၂၃ ရက်နေ့မှစတင်၍ သွင်းကုန်ခွန် ကင်းလွတ်ခွင့်ပေးမည်ဟု နိုင်ငံတော်ကောင်စီ၏ အကောက်ခွန်ကော်မရှင်က ဒီဇင်ဘာလ (၂၆)ရက်နေ့တွင် ကြေညာခဲ့ကြောင်း သိရှိရပါသည်။

ယခုဆောင်ရွက်မှုသည် အဆိုပါအာဖရိကနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုအတွက် ကြီးမားသော အကျိုးသက်ရောက်မှုရှိလိမ့်မည်ဟု အာဖရိကမှ ကုန်ပစ္စည်းမျိုးစုံကို တင်သွင်းရောင်းချနေသည့် Beijing Wise Century Trading Co ၏ အမှုဆောင်ဒါရိုက်တာ Sarah Wang က Global Times သို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အကောက်ခွန်ကင်းလွတ်ခွင့်ကြောင့် အဆိုပါနိုင်ငံများသည် ၎င်းတို့၏ပြည်တွင်းထွက်ကုန်များအတွက် ကုန်ပစ္စည်းရောင်းချမှုကို တိုးချဲ့နိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံခြားငွေများရရှိရန်နှင့် အလုပ်အကိုင်များဖန်တီးရန် နည်းလမ်းသစ်များကို ရှာဖွေနိုင်မည်ဖြစ်ကြောင်း Wang က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အခွန်လျှော့ချမှုကို အကောင်အထည်ဖော်ခြင်းသည် တရုတ်-အာဖရိက ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်ဆက်ဆံရေးကို ဖြည့်ဆည်းပေးရန်နှင့် WTO ၏ ကုန်သွယ်မှု အကူအညီပေးရေးအစီအစဉ် (Aid for Trade Initiative) အရ ၎င်း၏တာဝန်ကို လက်တွေ့ဖြစ်လာစေရန် သိသာထင်ရှားသည့်လုပ်ဆောင်ချက်ဖြစ်ကြောင်း ပေကျင်းနိုင်ငံခြားလေ့လာရေးတက္ကသိုလ်မှ ပါမောက္ခ Song Wei က Global Times သို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကုန်သွယ်မှုမြှင့်တင်ခြင်းသည် အာဖရိက၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ရေးကွင်းဆက်များတွင် ပိုမိုပေါင်းစည်းနိုင်မှုကို မြှင့်တင်ပေးမည့် အဓိကအချက်တစ်ခုဖြစ်သည်ဟု Song က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လွန်ခဲ့သည့် (၂)နှစ်အတွင်း အာဖရိကနိုင်ငံ (၂၁)နိုင်ငံသည် ၎င်းတို့၏ ကုန်ပစ္စည်း (၉၈) ရာခိုင်နှုန်းအပေါ် တရုတ်၏ အခွန်စည်းကြပ်မှု ဖယ်ရှားခြင်းမှ အကျိုးအမြတ်များ ရရှိခဲ့ကြောင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရှိရပါသည်။

အဆိုပါလုပ်ဆောင်မှုသည် တရုတ်-အာဖရိက ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်ကို ပုံဖော်ရန်နှင့် မျှဝေသည့် အနာဂတ်နှင့်အတူ အရည်အသွေးမြင့် တရုတ်-အာဖရိက အသိုက်အဝန်းကို အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ကော်မရှင်က ပြောကြားခဲ့ကြောင်း၊ နောက်တစ်ဆင့်တွင် တရုတ်နိုင်ငံသည် ၎င်းနှင့်သံတမန်ဆက်ဆံရေးထူထောင်ထားသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအားလုံးကို အကောက်ခွန်ကင်းလွတ်ခွင့်ပြုခြင်းအား ဆက်လက်တိုးချဲ့သွားမည်ဖြစ်ကြောင်း ကော်မရှင်က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်ပေးသည့်အပြင် အကောက်ခွန်ကင်းလွတ်ခွင့်ပြုခြင်းသည် ကပ်ရောဂါဖြစ်ပွားပြီးနောက် စီးပွားရေးပြန်လည်ကောင်းမွန်လာစေရန် အာဖရိကနိုင်ငံများအား ကူညီပေးမည်ဖြစ်ကြောင်း တရုတ်လူမှုသိပ္ပံအကယ်ဒမီအောက်ရှိ အာဖရိကလေ့လာရေးကဏ္ဍမှ

အကြီးတန်းသုတေသနအဖွဲ့ He Wenping က Global Times သို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးရှိသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်ပစ္စည်းစာရင်းကို တိုးချဲ့ခြင်းအပါအဝင် သွင်းကုန်ခွန်ကင်းလွတ်ခွင့်ပြုခြင်းသည် ၂၀၂၁ ခုနှစ်တွင် ကျင်းပသည့် (၈)ကြိမ်မြောက် တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ပြုလုပ်ခဲ့သော တရုတ်၏ ကတိကဝတ်များကို အမိကထား အကောင်အထည်ဖော်ခြင်းဖြစ်သည်ဟု Zhejiang Normal University မှ သုတေသနအရာရှိ Shiwei က Global Times ကို ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

သွင်းကုန်ခွန်ကင်းလွတ်ခွင့်သည် အထူးသဖြင့် တိုးတက်လာလျက်ရှိသော စိုက်ပျိုးရေးကဏ္ဍအတွက် ကုန်သွယ်မှုကို ပိုမိုအားကောင်းစေပြီး အရည်အသွေးမြင့် အာဖရိကထုတ်ကုန်များကို တရုတ်စျေးကွက်သို့ ပိုမိုယှဉ်ပြိုင်နိုင်သော စျေးနှုန်းဖြင့် ဝင်ရောက်နိုင်စေမည်ဖြစ်ကြောင်း လေ့လာသူများက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံသည် အာဖရိကမှ လယ်ယာထွက်ကုန် တင်သွင်းမှု သိသိသာသာ မြင့်တက်လာခဲ့ပြီး နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်းသည် (၁၁.၄)ရာခိုင်နှုန်းရှိကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ China Academy of International Trade and Economic Cooperation မှ ထုတ်ပြန်သော China–Africa Economic and Trade Relationship Report 2023 ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံသည် အာဖရိက၏ လယ်ယာထွက်ကုန်များအတွက် ဒုတိယအကြီးဆုံး ပို့ကုန်စျေးကွက်အဖြစ် ဆက်လက်ရပ်တည်ခဲ့ပြီး စုစုပေါင်း တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ (၅.၂၀) ဘီလီယံဖိုးရှိကြောင်း သိရှိရပါသည်။

Madagascar၊ Mali နှင့် Mauritania တို့မှ တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်များ တင်ပို့မှုပမာဏမှာ အတန်အသင့်ကောင်းမွန်နေသောကြောင့် အခွန်ကင်းလွတ်ခွင့်မူဝါဒသည် အဆိုပါနိုင်ငံများအတွက် ပိုမိုအကျိုးရှိစေမည်ဟု တရုတ်စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ Tang Lixia က Global Times သို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန် တင်သွင်းသည့်နိုင်ငံသစ်များ များပြားလာခြင်းသည် စားနပ်ရိက္ခာဖူလုံမှုကို အားကောင်းစေပြီး ၎င်း၏ သွင်းကုန်အရင်းအမြစ်များကို ကွဲပြားစေကာ နိုင်ငံတကာ၌ ယွမ်အသုံးပြုမှုကိုလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

သွင်းကုန်ခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်ပစ္စည်း(၉၈)ရာခိုင်နှုန်းသည် စားသောက်ကုန်များဖြစ်သည့် ကော်ဖီ၊ စားအုန်းဆီ၊ ပင်လယ်စာနှင့် ဟင်းခတ်အမွှေးအကြိုင်များမှသည် အစားအစာမဟုတ်သော သီးနှံများဖြစ်သည့် sisal နှင့် ရော်ဘာအထိ ပါဝင်ကြောင်း သိရှိရပါသည်။

ထို့အပြင် အဆိုပါ(၆)နိုင်ငံသည် သဘာဝသယံဇာတကြွယ်ဝကြောင်း၊ ဥပမာအားဖြင့် ကွန်ဂိုသည် ဓာတုဒြပ်စင်တစ်မျိုးဖြစ်သည့် cobalt အဓိကထုတ်လုပ်သူဖြစ်ပြီး အန်ဂိုလာသည် ရေနံစိမ်းနှင့် စိန်များကို အဓိကတင်ပို့လျက်ရှိကြောင်း အစီရင်ခံစာများတွင် သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ပထမ (၁၁)လတွင် တရုတ်-အာဖရိက ကုန်သွယ်မှုစုစုပေါင်း ယွမ် (၁.၈၁) ထရီလီယံ (ဒေါ်လာ ၂၅၃.၆၅ ဘီလီယံ)ရှိပြီး တစ်နှစ်ထက်တစ်နှစ် (၇)ရာခိုင်နှုန်း တိုးလာကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များတွင် သိရှိရပါသည်။

အာဖရိကနိုင်ငံများမှ ကုန်ပစ္စည်းများအပေါ် တရုတ်နိုင်ငံ၏ အကောက်ခွန်ကင်းလွတ်ခွင့်ပြုခြင်းသည် ကမ္ဘာတောင်ဘက်ခြမ်းရှိနိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများနှင့် မူဝါဒချိတ်ဆက်မှုနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် ကောင်းမွန်သောအချက် ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံနှင့် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ၏ ကုန်သွယ်မှုသည် အခြေခံထုတ်ကုန်များတင်ပို့/တင်သွင်းခြင်းဖြစ်၍ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အဆိုပါနိုင်ငံများ၏ ထုတ်ကုန်ထောက်ပံ့မှုစွမ်းရည်ကို ပိုမိုကောင်းမွန်စေပြီး ကမ္ဘာ့စက်မှုလုပ်ငန်းကွင်းဆက်များထဲသို့ ပိုမိုပေါင်းစပ်နိုင်စေရန် ကူညီပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www.ecns.cn/news/economy/2023-12-26/detail-ihcwewwu5304024.shtml#:~:text=China%27s%20agricultural%20imports%20from%20Africa%20have%20increased%20markedly%2C,Cooperation%2C%20an%20institution%20under%20the%20Ministry%20of%20Commerce

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်းနင်းမြို့

……………………………………………………………………………………………..

Agribusiness & Trade